ကျောင်းသားကျောင်းသူများ အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေကြသူများဖြစ်

အမျိုးသားပညာရည်မြင့်မားအောင်မြင်စေရေး ဆရာဆရာမများ အဓိက ကဏ္ဍကပါဝင်

နိုင်ငံ့သားကောင်းများ၊ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရေး လေ့ကျင့်မွေးထုတ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၄၀) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ အထက်မြန်မာပြည် တရားရုံးချုပ် တရားသူကြီး ဦးစန်းတင့်ရီ၊ မန္တလေး မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုရယူပြီး ဘဏ္ဍာရေး အရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်များကို ပေါင်းစည်းခြင်းနည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိနေကြကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းရယူနေကြသော အရင်းအမြစ်များအနက် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် အာမခံချက်အရှိဆုံးဖြစ်သည့် အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံပိုင်ဆိုင်နေရန် ပညာရေးကဏ္ဍမှ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြည့်ဆည်းဖော်ဆောင်

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရပ်တည်နိုင်မှသာ ရေရှည်ဖွံ့ဖြိုး တိုးတက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူ့စွမ်းအားအရင်းအမြစ် စွမ်းရည်များကို ဟန်ချက်ညီညီ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်ပြီး ခေတ်သစ် စိန်ခေါ်မှုအမျိုးမျိုးကို ဖြေရှင်းကျော်လွှားနိုင်ရေး၊ မိမိတို့နိုင်ငံအနေဖြင့် ရရှိပြီးဖြစ်သော ဖွံ့ဖြိုးမှုအလားအလာကောင်းများကို ထိန်းသိမ်းပြီး အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော မိမိတို့ နိုင်ငံသား ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ ဖြည့်ဆည်း ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ပြီး အခြေခံပညာကဏ္ဍအား-

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးစနစ်ဖြစ်ထွန်းရေး။

(၂) နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး။

(၃) အခြေခံပညာရေး အရည်အသွေးမြင့်မားရေး။

(၄) အခြေခံပညာအဆင့်အလိုက် အကြိုသက်မွေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူခွင့်ရရှိရေး။

(၅) ခေတ်မီ ဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရေး။

(၆) ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရေး။

(၇) ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး။

(၈) မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

(၉) ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(၁၀) ပညာရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ဆိုသည့် လုပ်ငန်းစဉ်(၁၀)ရပ်အား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖန်တီးပုံဖော်

ဆရာ ဆရာမများအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်များဖြစ်သော ကျောင်းသားကျောင်းသူများအား နေ့စဉ်နှင့်အမျှ ပညာသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် မျိုးဆက်သစ်များမှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်နေကြသူများဖြစ်သည့်အတွက် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များအောင်မြင်စေရေးတွင် အခြေခံပညာ ဆရာ ဆရာမများသည် အဓိကကဏ္ဍက ပါဝင်လျက်ရှိနေကြကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းတည်ဆောက်သွားကြမည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များအား အမျိုးသားရေးစိတ်ဓာတ်အခြေခံကောင်းများဖြစ်သော စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝသည့် နိုင်ငံ့သားကောင်းများ၊ ကျွမ်းကျင်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရေးအတွက် မိမိတို့နိုင်ငံ၏ အဆင့်ဆင့်ဖြတ်သန်းလာခဲ့သော သမိုင်းရေးအတွေ့အကြုံများ၊ အမျိုးသားရေးဆိုင်ရာ ပကတိအနေအထားများအပေါ် မျက်ခြည်မပြတ်သိမြင်ပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ ပညာရေးကဏ္ဍမှ လေ့ကျင့်မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဆရာ ဆရာမများအနေဖြင့် မိမိတို့ ကိုယ်တိုင်ရော၊ ကျောင်းသား ကျောင်းသူ တပည့်များကိုပါ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း အခြေခံပညာကဏ္ဍ လုပ်ငန်းစဉ်(၁၀)ရပ်ကို ဖော်ဆောင်သွားကြရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံးနှင့်အတူ ပူးပေါင်းပါဝင်ပြီး အမျိုးသားရေးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းကို အမျိုးသားရေးအသိနှင့်ယှဉ်တွဲပြီး လိုက်နာဖော်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အခြေခံပညာ ဆရာ ဆရာမ ၁၅၁၂ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ရက်က ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း မဂ္ဂလာသကခန်းမတွင် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပရာ Grade-5 မှ အင်္ဂလိပ်စာထူးချွန်ဆုရ မထက်ထက်မြတ်နိုးဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်း ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဆွဲအားနှင့်စွဲအား** တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၆:၄၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၀)
- ၈:၄၀ ဥပဒေကျောင်းသားများ၏ အာစရိယပူဇော်ပွဲအခမ်းအနား
- ၈:၅၀ Industrial Talk [ဒေါက်တာအောင်သိန်း၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၉:၁၅ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉:၃၅ အားကစားမြင်ကွင်းစုံ (မြတ်သူရ၊ ကိုစိုးမိုး၊ ဦးဖေတီ)
- ၁၀:၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **နယူးမော်ဒယ်(လ်)**
- ၁၀:၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (အေသင်ချိုဆွေ)
- ၁၁:၀၀ သင်ယူလေ့လာဂီတပညာ (Part-5) (Seventh Chords)
- ၁၁:၄၀ Activities in the City (မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒဆရာဝန်များ၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (ABBN Pre School)
- ၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ပထမအကြိမ်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများပြန်လည်တွေ့ဆုံပွဲအခမ်းအနား)
- ၁၂:၅၀ ဆူးလေစေတီတော်ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး
- ၁:၀၀ **ဆွဲအားနှင့်စွဲအား** တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်**
- ၃:၁၀ ဖိုလ်ဝင်တောင်တော်ဘုရားပွဲ လှည်းယဉ်များနှင့်ဆင်ကာနွဲ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၃)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၀)
- ၄:၄၀ ဝိဇာတမွေးနေ့မင်္ဂလာ၊ ပုနောပသမ္ဘဒါနှင့် ဝိဟာရဒါန မင်္ဂလာ (အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာ)
- ၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၄)
- ၇:၁၀ ဟိုတယ်လမ်းညွှန် (The Grand Fourwings Convention hotel)
- ၇:၂၀ Cartoon Show Time (Horton Hears A Who!)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ (၁၃)ကြိမ်မြောက် အထက ညောင်ကျိုးကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၈:၅၀ လူနှင့်ကံ
- ၈:၅၅ Celebrity Style (ဇေယျ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၁)
- ၁၀:၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
- ၁၀:၄၀ တိကျတဲ့အချိန်တိုင်းအတွက်
- ၁၀:၅၅ Mega Star Talk ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
- ၁၁:၂၀ နွေးထွေးသောမေတ္တာအိမ်ကလေး ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၁၁:၄၀ Box Office Movies (Star Trek)
- ၁၂:၀၅ Multitude of Market Forms
- ၁၂:၅၀ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
- ၁:၁၀ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
- ၁:၂၅ World of Knowledge (Cyberland)
- ၂:၁၀ ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၂:၂၀ Celebrity Profile (မန္တလေးသိန်းဇော်)
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၄၅ ယဉ်ကျေးသွင်ပြင် ဝတ်စားဆင်ပိုးချိတ်အသွင်
- ၄:၀၅ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်
အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် ဧရာဝတီမြစ်ကြီးနှင့်အပြိုင် တိုင်းဒေသကြီးလေးခုကို ဖြတ်သန်းဖောက်လုပ်ထားသည့် ပုသိမ်-မုံရွာ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် ရာနှုန်းပြည့် အဆင့်မြှင့်တင်ဖောက်လုပ်ပြီးဖြစ်သည့်အတွက် ကျင်းပသော ဖွင့်ပွဲအခမ်းအနားပင် ဖြစ်ကြောင်း၊ ယင်းလမ်းမကြီးကို ၁၉၆၉ခုနှစ်ကတည်းက စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တစ်ကြောင်းထိုးလမ်း၊ မြေသားလမ်းအဖြစ်သာရှိခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ်သို့ ကူးပြောင်းတက်လှမ်းနိုင်အောင် ဘက်စုံကဏ္ဍစုံကနေပြီး ပြောင်းလဲပြုပြင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ယင်းလမ်းမကြီးသည် ဖွံ့ဖြိုးတိုးတက်မှုများထဲက သက်သေသာဓကတစ်ခု ဖြစ်ကြောင်း။

ပိုမိုတိုးတက်ဖွံ့ဖြိုး

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်းဖြစ်အောင် မြို့နယ်ပေါင်း ၁၆မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် ဤလမ်းမကြီးကို ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသကြီးတစ်ခုလုံး ထက်-အောက်-စုန်-ဆန် ရာသီမရွေးသွားလာနိုင်ရန် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် တန်းတူဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖောက်လုပ် ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ဒေသများသည် အနောက်ဘက်ခြမ်းဒေသများနှင့် နှိုင်းယှဉ်လျှင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်သည်နှင့်အမျှ လူမှု-စီးပွားရေး အခြေအနေများသည်လည်း ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

"ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသဟာ အရှေ့ဘက်ခြမ်းဒေသနဲ့ ရေ၊ မြေ၊ သယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် တိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့အကြား စီးပွားရေး၊ လူမှုရေး အခြေအနေကွာဟချက်များ လျော့နည်းစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံကွန်ရက် တိုးတက်ဖွံ့ဖြိုးလာအောင် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း" နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသကြီးတစ်ခုလုံး အချိန်တိုတိုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထား ဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ်ကြီးနှင့်အပြိုင် ကြံခင်း-ပခုက္ကူ-ကလေး ရထားလမ်းကြီးကို ဖောက်လုပ်ပေးခဲ့သကဲ့သို့ ပုသိမ်-မုံရွာ လမ်းမကြီးကိုလည်း ယခုကဲ့သို့ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

အလွယ်တကူ

ဤလမ်းမကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဆက်စပ်လျက်ရှိသော မော်တော်ကားလမ်း ၁၅လမ်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ဤလမ်းမကြီးကို ဗဟိုပြုပြီး ပြည်ထောင်စု နေရာအနှံ့အပြားကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဆက်စပ်လျက်ရှိသော ကူးသန်းရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှု၊ ကူးလူးဆက်သွယ်မှုများ တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ လူမှု-စီးပွားအခြေအနေများသည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ အထောက်အကူပြုလျက်ရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်သွယ်သွားလာ ဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဝေးလံခေါင်ဖျား နယ်စပ်ဒေသများပါအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပပျောက်သွားအောင်၊ ဒေသတစ်ခုနှင့် တစ်ခု တန်းတူရည်တူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် တောင်-မြောက်သွယ်တန်း ဖောက်လုပ်ထားသော ဒေါင်လိုက်လမ်းမကြီး ၃၆လမ်း၊ အရှေ့-အနောက် ဆက်သွယ်ဖောက်လုပ်ထားသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅လမ်းတို့ကို ပြည်ထောင်စုလမ်းမကြီးများအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သဘာဝပထဝီအနေအထားအရ တချို့ဒေသများသည် ရိုးမတောင်တန်းကြီးများ၊ သစ်တောကြီးများ၊ မြစ်ချောင်းအင်းအိုင်များ တားဆီးထားမှုကြောင့် တသီးတခြားရှိခဲ့ရာမှ ယခုဆိုလျှင် နယ်စပ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး ကွန်ရက်သဖွယ် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းကွန်ရက်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို ချိတ်ဆက် ဆက်သွယ်ထားသော အမျိုးသားမီးရထားလမ်းကွန်ရက် (National Railway Network)ကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှ တောင်ဖျားရှိ ကော့သောင်းမြို့အထိလည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျားရှိ စစ်တွေအထိလည်းကောင်း အထက်-အောက်-ဝဲ-ယာ တစ်နိုင်ငံလုံးအနှံ့ သွားလာနိုင်ပြီဖြစ်ကြောင်း။

ရင်ဆိုင်ကျော်လွှား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်ကို ရယူထမ်းဆောင်ခဲ့ရာတွင် အခြေအနေအရပ်ရပ်အရ ယိုယွင်းနေသည့် နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ်သို့ လျင်လျင်မြန်မြန် ကူးပြောင်းရောက်ရှိလာအောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀ကျော် ကာလအတွင်းတွင် အတိတ်ကာလမှ ကျန်ရစ်သည့် ကိုလိုနီသမိုင်းအမွေဆိုးများ၊ မျက်မှောက်ကာလ ကိုလိုနီလက်သစ်များနှင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အနှောင့်အယှက်များ၊ ရှောင်လွှဲမရသည့် သဘာဝဘေးအန္တရာယ်များနှင့် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဆက်စပ်ကြုံတွေ့လာရသော အခက်အခဲအတားအဆီးများ စသည့် စိန်ခေါ်မှုအမျိုးမျိုးကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ရခြင်း ဖြစ်ကြောင်း။

ကြုံတွေ့လာရသည့် စိန်ခေါ်မှုအမျိုးမျိုးကို တုံ့ပြန်ရင်ဆိုင်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဦးတည်ချက် (၁၂)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တည်ဆောက်ခြင်းသည် စကားလုံးသက်သက်၊ စိတ်ကူးယဉ် အယူအဆသက်သက်ဖြင့် ရနိုင်သည်မျိုးမဟုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများနှင့် ပကတိ အရှိတရားပေါ်တွင်အခြေခံပြီး ဘက်စုံထောင့်စုံကနေ လက်တွေ့ကျကျ တည်ဆောက်အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အလားတူ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၊ ဒေသတစ်ခုတည်း၏ အကျိုးစီးပွားကိုသာ ကွက်ကွက်ကလေးကြည့်ပြီး ဦးတည်ဆောင်ရွက်ရတာမျိုးမဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည် စီမံကိန်းများကို ချမှတ်ပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုအနှံ့တည်ဆောက်

နှစ်ပေါင်း ၂၀ကျော်ကာလအတွင်း မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့နိုင်ငံတော်၏ အခြေအနေသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကိုကူးပြောင်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ခေတ်သစ်၊ စနစ်သစ်ကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက်လည်း လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းတွေကို ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို ဗဟိုပြုပြီး ပြည်ထောင်စုအနှံ့ တည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

လက်ရှိအနေအထားတွင် ရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရင်း တစ်ချိန်တည်းမှာပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဆီသို့ တစ်ဆင့်မြှင့်တက်လှမ်းနိုင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မကြာခင်ကာလအတွင်းတွင် လွှတ်တော်အရပ်ရပ်အစည်းအဝေးများ ကျင်းပပြီး ပြည်ထောင်စုအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ စနစ်တကျ ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး (၃)ရပ်၏ အပြန်အလှန်ထိန်းကျောင်းမှု ယန္တရားစနစ်သစ်တစ်ရပ် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီနှင့် ဒွန်တွဲဖြစ်ပေါ်လျက်ရှိသည့် အခြေခံအကြောင်းတရားများဖြစ်သည့်အတွက် ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်၏ အနာဂတ်လမ်းခရီးအတွက် အရေးကြီးလှသည့် ယခုကဲ့သို့ အသွင်ကူးပြောင်းစ အချိန်အခါမျိုးတွင် ပိုမို၍ခိုင်မာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အကျိုးရှိရှိအသုံးချ

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး ရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုတိုအတွင်း အရောက်လှမ်းနိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အချိန်၊ ဘဏ္ဍာငွေတို့ဖြင့် ရင်းနှီးတည်ဆောက်ထားသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန် ပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် -

ယနေ့ဖွင့်လှစ်လိုက်သည့် ပုသိမ်-မုံရွာ လမ်းမကြီးအပါအဝင် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ကျရာ ကဏ္ဍ အသီးသီးကနေ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက အမှာစကား ပြောကြားရာ၌ တပ်မတော်အစိုးရလက်ထက်မတိုင်မီ ၁၉၈၈ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း ၁၉၃မိုင်၊ ကျောက်လမ်း ၅၇မိုင်၊ အမာခံလမ်း ၈၁မိုင်၊ မြေသားလမ်း ၁၃၁မိုင်အပါအဝင် စုစုပေါင်း လမ်းအရှည် ၄၆၂မိုင်ရှိခဲ့ရာမှ ယခုအခါ ကတ္တရာလမ်း ၅၉၁မိုင်၊ ကျောက်လမ်း ၂၀၁မိုင်၊ အမာခံလမ်း ၃၆၃မိုင်၊ မြေသားလမ်း ၃၁၃မိုင် အပါအဝင် လမ်းအရှည် ၁၄၆၈မိုင်အထိ တိုးမြှင့်ဖောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အလားတူ ပေ ၁၈၀အထက်တံတား ၅၂စင်းကို တည်ဆောက် ပေးနိုင်ခဲ့ပြီး ထပ်မံ၍ ဧရာဝတီတံတား(ညောင်တုန်း)ကိုလည်း မကြာမီ ပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး များသို့ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်သည့်အပြင် ဒေသထွက်ကုန် ပစ္စည်းများကိုပါ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ကြတော့မည်ဖြစ်၍ ဧရာဝတီ တိုင်းဒေသကြီးသည် ယခင်ကာလများထက် ပိုမိုဖွံ့ဖြိုး အောင်မြင်ဖြစ်ထွန်း လာမည်ဖြစ်ကြောင်း။



အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာ ကတ္တရာ လမ်းမကြီး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယခုလမ်းမကြီး အောင်မြင်စွာ တည်ဆောက်ပေးခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဤလမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ၌ ယခင်က ပုသိမ်-မုံရွာ လမ်းဖောက်လုပ်ရေး စီမံကိန်းကို

၁၉၆၉ခုနှစ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ခုနှစ်အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ကတ္တရာလမ်း ၂၀၆မိုင် ၄ဖာလုံ၊ ကျောက်လမ်း ၂၃မိုင် ၂ဖာလုံ၊ အမာခံလမ်း ၁၄၅မိုင် ၁ဖာလုံ၊ မြေသားလမ်း ၇၅မိုင် ၆ဖာလုံရှိခဲ့သော်လည်း လမ်းကျဉ်းမြောင်းပြီး လမ်းသားပျက်စီးမှု များရှိနေခဲ့၍ တစ်ဆက်တစ်စပ်တည်း သွား၍မရပါကြောင်း၊ ယနေ့ဖွင့်လှစ်

ဆောက်လုပ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သည့် ပုသိမ်-မုံရွာလမ်းမကြီးကို ၂၀၁၀ခုနှစ် ဧပြီ ၁၁ရက်တွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ပေးနိုင်သည့်အတွက် လမ်း အရှည်မိုင် ၄၅၀၊ ၅ဖာလုံကို တည်ဆောက်ရေးကာလ ကိုးလနှင့်အပြီး ဆောင်ရွက်ခဲ့ကြောင်း။

ပုသိမ်-မုံရွာ လမ်းကြီးကို တည်ဆောက်ရေးအပိုင်း သုံးပိုင်းခွဲခြား၍ ၂၀၁၀ခုနှစ် မေလမှ စတင်ကာ ခရိုင်ဆောက်လုပ်ရေးအဖွဲ့ ၁၁ဖွဲ့၊ ဆောက်လုပ်ရေးအထူးအဖွဲ့ ၂၀၊ ကုမ္ပဏီအဖွဲ့ ၁၉ဖွဲ့၊ လမ်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့တို့ဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခဲ့သော လမ်းများအနက် အရှည်ဆုံးလမ်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်၍ ဤလမ်းမကြီးအား စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့အောင် အကျိုး ရှိရှိ သုံးစွဲသွားကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စုမှ ဦးစိုးနိုင် က ဒေသခံပြည်သူများကိုယ်စား ကတ္တရာလမ်းမကြီး တည်ဆောက်ပေးမှု နှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့တွင် နေရာယူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်း ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ အခမ်းအနားသို့ တက်ရောက်လာကြ သူများနှင့်အတူ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပုသိမ်-မုံရွာ ကတ္တရာ လမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့အတူ ပုသိမ်-မုံရွာလမ်း ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနား ကို နံနက်ပိုင်းတွင် ပြည်ခရိုင် ဥသျှစ်ပင်လမ်းဆုံ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်က အမှာစကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်း

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက် တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ အင်ဂျင်နီယာချုပ် ဦးထွန်းသာတို့က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များ နှင့်အတူ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

အလားတူ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းလမ်းဆုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအရာရှိ သူရဦးစိန်သောင်းက ပုသိမ်-မုံရွာ ကတ္တရာ လမ်းမကြီး တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအရာရှိ သူရဦးစိန်သောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင်တို့က ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့ပြင် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၄၅၀/၅)ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ကတ္တရာလမ်းမကြီး တည်ဆောက်ခဲ့မှု နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးကို ဖဲကြိုးဖြတ် ၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်က ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ ကတ္တရာလမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ပုသိမ်-မုံရွာ လမ်းမကြီးမှာ လမ်းအရှည်မိုင် ၄၅၀၊ ၅ဖာလုံရှိသည်။ လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရာတွင် မိုင်တိုင်အမှတ်(၀/၀)မှ မိုင်တိုင်အမှတ်(၁၇၉/၆)အထိကို အပိုင်း (၁)၊ မိုင်တိုင် အမှတ်(၁၇၉/၆)မှ မိုင်တိုင်အမှတ်(၃၆၃/၀)အထိကို အပိုင်း (၂)နှင့် မိုင်တိုင်အမှတ်(၃၆၃/၀)မှ မိုင်တိုင်အမှတ် (၄၅၀/၅)အထိကို အပိုင်း(၃)ဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ကိုးလအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လမ်းမကြီး၏ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၄၀ဖြစ်သည်။

လမ်းမကြီး တည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ၏ သွားလာဆက်သွယ် မှုကို လွယ်ကူလျင်မြန်လာစေတော့မည်ဖြစ်သည်။ **(သတင်းစဉ်)**

အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ခေတ်မီဖွံ့ဖြိုး တိုးတက်မှုတို့သည် ဒီမိုကရေစီနှင့် ခွန်တွဲဖြစ်ပေါ်လျက်ရှိသည့် အခြေခံအကြောင်းတရားများဖြစ်သည်အတွက် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်၏ အနာဂတ်လမ်းခရီးအတွက် အရေးကြီးလှသည် ယခုကဲ့သို့ အသွင်ကူးပြောင်းစ အချိန်အခါမျိုးတွင် ပိုမို၍ခိုင်မာအောင် ဆောင်ရွက်ကြရမည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်း-ရှေ့) (သတင်းစဉ်)

ထူးခြားသည့်အခွင့်အရေး OK BIG SALE

➤ ➤ ➤ သတင်းဆောင်းပါး-ဇော်ထူး ဓာတ်ပုံ-ရဲထွဋ် ➤ ➤ ➤

ရန်ကုန် ဇန်နဝါရီ ၁၁

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့်အချိန်ကာလများတွင် ကုမ္ပဏီများသည် ဈေးရောင်းပွဲတော်များကျင်းပ၍ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ တင်သွင်းဖြန့်ဖြူးသည့်ပစ္စည်းများကို ဈေးနှုန်းအထူးလျှော့ချ၍ ရောင်းချလေ့ရှိကြသည်။ အထူးဈေးရောင်းပွဲတော်များကို စောင့်ဆိုင်းဝယ်ယူအားပေးသူများလည်းရှိရာ ဈေးရောင်းပွဲတော်တိုင်း ဝယ်ယူအားပေးသူများဖြင့် စည်ကားမြဲပင်ဖြစ်သည်။

OK Myanmar ကုမ္ပဏီက SANYO၊ DAEWOO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းဆုံ Excel Treasure Tower ကားဝင်း၌ လာမည့် ဇန်နဝါရီ ၁၃ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဟု သတင်းအဖွဲ့ ကြားသိရသဖြင့် သွားရောက်လေ့လာခဲ့သည်။

ကြိုဆိုရှင်းပြ

OK Myanmar ကုမ္ပဏီမှ ဒါရိုက်တာဦးဇော်ဝိတ်က "ကျွန်တော်တို့ ကုမ္ပဏီက ဖြန့်ဖြူးတင်သွင်းတဲ့ SANYO၊ DAEWOO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းတွေကို သုံးစွဲသူတွေ ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူအသုံးပြုနိုင်အောင် တုံ့ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီအထူးဈေးရောင်းပွဲတော် OK BIG SALE ကို ကျင်းပရခြင်းပါဗျာ" ဟု ကြိုဆိုရှင်းပြသည်။

OK Myanmar ကုမ္ပဏီအနေဖြင့် အခြားကုမ္ပဏီများက ပြုလုပ်သည့် ဈေးရောင်းပွဲတော်များတွင်လည်း အခါအားလျော်စွာ ပူးပေါင်းပါဝင်ပြသ ရောင်းချခဲ့သည်ကို မိမိတို့ သိရှိခဲ့ရပြီးဖြစ်သည်။

"ဒီဈေးရောင်းပွဲတော်မှာ သုံးမျိုးသုံးစား ဈေးလျှော့ခြင်းဖြင့် ရောင်းချသွားမှာပါ။ ထုတ်လုပ်တဲ့ပင်ရင်းကုမ္ပဏီက လျှော့တဲ့ဈေး၊ တင်သွင်းဖြန့်ဖြူးတဲ့ ကျွန်တော်တို့ကုမ္ပဏီက လျှော့တဲ့ဈေး၊ စုပုံရှင်းလျှော့ဈေး (Clearance Sale)ဆိုပြီး ဈေးလျှော့ချ ရောင်းချသွားမှာ ဖြစ်ပါတယ်။

"SANYO ဆိုရင် LCD TV နဲ့ AIR CON နှစ်မျိုးကို ကျွန်တော်တို့ မူလဝယ်ရတဲ့ဈေးထက် ဒီပွဲတော်မှာ ဈေးလျှော့ရောင်းချနိုင်ဖို့ ကုမ္ပဏီကိုယ်တိုင်က ဈေးလျှော့ပေးထားပါတယ်။ HQ Chest Freezer ဆိုရင်လည်း ဒီအတိုင်းပဲ မူရင်းကုမ္ပဏီက ရောင်းနေကျဈေးထက် ဒီဈေးရောင်းပွဲတော်မှာ ဈေးလျှော့ရောင်းနိုင်အောင် စီစဉ်ပေးထားပါတယ်။ DAEWOO အဝတ်လျှော်စက်များကလည်း ဒီအတိုင်းပါပဲ။ ပြင်ပပေါက်ဈေးတွေထက် သိသိသာသာသက်သာပါတယ်" ဟု ဦးဇော်ဝိတ်ကရှင်းပြသည်။ ဝယ်ယူအားပေးမည့်သူများအနေဖြင့် ရောင်းချမည့် အလုံးရေအကန့်အသတ်ရှိသဖြင့် အမြန်လာရောက်ဝယ်ယူရန်သာ လိုပေသည်။

အရည်အသွေးကောင်းမွန်၍ ကွန်ပျူတာ Monitor အဖြစ် အသုံးပြုနိုင်သည့် SANYO LCD TV များအား OK Big Sale ဈေးပွဲတော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

ရောင်းချမည်

ဤဈေးရောင်းပွဲတော်တွင် ၂၀ ရာခိုင်နှုန်း၊ ၃၀ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးလျှော့ရောင်းချသွားမည်ဖြစ်ပေသည်။ Model ဟောင်းပစ္စည်းများ၊ ထပ်မံတင်သွင်းရန်မရှိတော့သည့် ပစ္စည်းများကို စုပုံရှင်းလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ ဈေးလျှော့သည့်ရာခိုင်နှုန်း အများဆုံး ဖြစ်မည့် လျှပ်စစ်ပစ္စည်းများဖြစ်သည်ဟု သိရသည်။

ဖြည့်စွက်ရှင်းပြ

"ဒီဈေးရောင်းပွဲတော်မှာ အချို့ရည်ပစ္စည်းသစ်တွေ၊ လျှပ်စစ်ပစ္စည်းသစ်တွေကိုလည်း သုံးစွဲသူများအား မိတ်ဆက်သည့်အနေဖြင့် ဈေးလျှော့ရောင်းချသွားမှာ ဖြစ်ပါတယ်။ ဥပမာ-SANYO Solar ဘက်စုံသုံးမီးအိမ်ကို အထူးဈေးနှုန်းနဲ့ ရောင်းဖို့ စီစဉ်ထားပါတယ်" ဟု တာဝန်ရှိသူက ဖြည့်စွက်ရှင်းပြပါသည်။

ဈေးသက်သာ

ဈေးရောင်းပွဲတော်တွင် Excel Shopping Mall ကလည်း အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာမည်ကြီးအမှတ်တံဆိပ် အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ Fancy ပစ္စည်းများကိုလည်း ဈေးသက်သာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပစ္စည်းမှန်၊ အရည်အသွေးမှန်သည့်အိမ်သုံး၊ စီးပွားရေးလုပ်ငန်းသုံး SANYO၊ DAEWOO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်း အမျိုးမျိုးရောင်းချမည့် ဈေးရောင်းပွဲတော်တွင် ဗလာမပါ ကံစမ်းမဲပါမည့်အပြင် လက်ဆောင်ပစ္စည်းများလည်းပေးသွားမည် ဟုသိရှိခဲ့ရပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

နှစ်ပေါင်းများစွာကပင် လူသုံးများထင်ရှားခဲ့သည့် SANYO လေအေးပေးစက်များအား ဈေးပွဲတော်တွင် အရေအတွက်ကန့်သတ်၍ အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

မြို့နယ်စုံမှ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်သူများကို တွေ့ရသည်။ အချို့က အစုအဖွဲ့လိုက် ကိုယ်လက်လှုပ်ရှားကြသည်။ အချို့က မိသားစုလိုက်ဖြစ်သည်။ အချို့မှာ နေ့စဉ်လေ့ကျင့်လာခဲ့သည်မှာ ၁၄နှစ်အထိ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ၏ အချို့သော နံနက်ခင်းများတွင်ရန်ကုန်၌ ဆောင်းနှင်းမှုန်လေးများကို တွေ့ရသည်။ နှင်းမှုန်လေးများကို မတွေ့ရသည်မှာ ကြာခဲ့ပြီ။ သို့သော် နေ့တိုင်းတွေ့နေရသည်ကား ကျန်းမာရေးအတွက် ဆေးတစ်ပါးသဖွယ် သဘောထားကာ ကိုယ်လက်လှုပ်ရှားနေကြသော လူကြီး၊ လူငယ်၊ လူရွယ်များ၏ တက်ကြွလန်းဆန်းသောမြင်ကွင်းများဖြစ်သည်။

အထူးသဖြင့် ထိုက်ချီ၊ ချီကုံး အားကစားလေ့ကျင့်နေမှုများကို တွေ့ရသည်။ နူးညံ့ပျော့ပျောင်းသော သိုင်းပညာတစ်မျိုးဟု လေ့ကျင့်ကစားနေသူ ဆရာဦးတင်ဝင်းက ရှင်းပြခဲ့သည်။

ကြိုးကြာငှက်ကဲ့သို့ ပျံသန်းလှုပ်ရှားဟန်၊ လေသင့်ရာသို့ သစ်ပင်များယိမ်းနွဲ့ဟန် သဘာဝလှုပ်ရှားမှုများကို အခြေခံသည့် ကျန်းမာရေးအားကစားလေ့ကျင့်မှု ဖြစ်သည်။ နံနက်ခင်းမြူနှင်းနှင့်အတူ အသက်ရှူသွင်းခြင်း၊ ထုတ်ခြင်းများကလည်း ကျန်းမာရေးအတွက်အားဖြစ်စေသည်။

ပျောက်ကင်းသက်သာ

သက်ရွယ်ကြီးရင့်သူများအတွက် လေကောင်းလေသန့်ရရှိပြီး အားဖြစ်ခြင်းနှင့်အတူ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါရှိသူများပါ လေ့ကျင့်ခန်းမှန်မှန်လုပ်လျှင် ဆေးမသောက်ရဘဲ ရောဂါပျောက်ကင်းသက်သာစေသည်။

ထိုက်ချီ၊ ချီကုံးအားကစားသည် စိတ်ရောကိုယ်ပါကျန်းမာရုံမျှမက စိတ်ကိုပါ လန်းဆန်းစေနိုင်သဖြင့် စောစောအိပ် စောစောထ၍လမ်းလျှောက်ခြင်း၊ ကိုယ်လက် လှုပ်ရှား အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် သဘာဝကပေးသော ဆေးတစ်ခွက်ကို မှီဝဲသောက်သုံးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ **ကျော်မြင့်သန်း(လမ်းမတော်)**

အာစရိယပူဇော်ကြမည်

မုံရွေး-ကြေးမုံ အထက

မုံရွာမြို့နယ် မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးဝင်းကျော်ထွန်း(မုံရွေးစာအုပ်တိုက်)ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၇၀၇၂၊ ဦးဇော်လွင်မောင် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၉၆၂၂၊ ဦးဇေယျ(ကြေးမုံရွာ) ဖုန်း-၀၇၁-၆၀၀၇၀၊ ဒေါ်စန်းညွန့်ရီ(ကြေးမုံရွာ) ဖုန်း-၀၇၁-၆၀၁၁၇၊ ဦးဝင်းမြင့် (ဂန္ထဝင်ပျိုးခင်း၊ ကြေးမုံရွာ) ဖုန်း-၀၉-၂၀၃၇၄၅၃ နှင့် ရန်ကြီးအောင်(နေပြည်တော်) ဖုန်း-၀၉-၄၉၂၈၈၆၄၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အထက(၂) သာကေတ

အထက(၂) သာကေတ၌ ၁၉၆၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အထက(၂) သာကေတကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ သက်ပြည့်အငြိမ်းစားယူပြီးသော ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးသန်းထွန်း-ဒေါ်မာတင် ဖုန်း-၅၄၂၆၇၂၊ ဦးဝင်းကြည်(ဖေသောရီ) ဖုန်း-၅၅၄၃၃၂၊ ဒေါက်တာ သန်းဝင်းညွန့် ဖုန်း-၀၉-၅၁၅၉၃၆၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွန့် ဖုန်း-၀၉-၄၉၂၉၇၅၃၁၊ ဒေါက်တာသောင်းဝင်း ဖုန်း-၀၉- ၅၁၉၁၆၄၁နှင့် ဦးဝင်းရွှေ ဖုန်း-၇၃၀-၁၁၂၆၅တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။

ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ (၈၈)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် ရွှေကျင်မြို့နယ်မှော်ရုံ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ (၈၀)နှင့်အထက် သက်ကြီး ကန်တော့ခံပုဂ္ဂိုလ်များ ဖိတ်စာရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အခြေခံပညာအထက်တန်းအောင် ကျောင်းသားများ အမှတ်စာရင်းနှင့်အတူ အချိန်မီသတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

ဝေါမြို့ အထက

ဝေါမြို့အစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဝေါမြို့ရတနာဦး ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့၌ ဦးရွှေလှဝင်း ဖုန်း-၀၁-၇၃၀၀၅၃၄၂၊ ဦးတင်လှအောင် ဖုန်း- ၀၉-၉၀၂၇၃၄၃၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၅၅၅၈၈၊ ပဲခူးမြို့၌ ဦးစန်းရွှေ ဖုန်း-၀၅၂၂၀၀၁၇၃၊ ဝေါမြို့၌ ဦးလှရွှေ ဖုန်း-၀၅၂-၇၅၁၃၇၊ ဦးဂျန်းရှန် ဖုန်း-၀၅၂-၇၅၃၁၁၊ ဦးနီစစ် ဖုန်း-၀၅၂-၇၅၀၃၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ကျောက်တံခါးမြို့ အထက

ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့ကြသည့် အသက်(၆၀)ပြည့်ကန်တော့ခံ ဆရာ ဆရာမကြီးများ၊ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးဇော်တင့် (ရန်ကုန်) ဖုန်း-၀၁-၃၉၄၇၆၈၊ ၀၉-၈၀၃၃၁၉၅၊ ဦးညွန့်ရွှေ (ရန်ကုန်) ဖုန်း-၀၁-၆၄၁၃၃၇၊ ၀၉-၅၁၅၀၃၇၇၊ ဦးစိုးမိုးဝင်း (ပဲခူး) ဖုန်း-၀၅၂-၂၁၀၅၃၊ ဦးအေးလွင် (မန္တလေး) ဖုန်း-၀၂-၈၈၅၇၈၊ ၀၉-၆၈၀၇၁၃၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ လိုက်ပါလိုသူများသည် ဦးဇော်တင့်နှင့် ဦးညွန့်ရွှေ ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)သို့ ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

မြန်အောင်မြို့နယ် သပြေကုန်းရွာအမက

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းရွာ (ကံသစ်) မူလတန်းကျောင်း အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြင့်အောင် (ဟသ်ာတ) ဖုန်း-၀၉-၈၅၅၀၂၇၅၊ ဒေါ်တာတာ (မြန်အောင်) ဖုန်း-၀၄၄-၅၀၂၅၂၊ ဦးတင်လှ(သပြေကုန်း) ဖုန်း-၀၉-၈၅၈၇၅၈၅နှင့် ကျောင်းအုပ်ဆရာကြီး ဦးစောထွန်း ဖုန်း-၀၉-၄၉၇၂၃၈၃၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ဝန်းကျင် လယ်ယာမြေများ မဒေးရေလှောင်တမံ၏ ကျေးဇူးကြောင့် သီးနှံများအထွက်တိုးလာ

နေပြည်တော် ဇန်နဝါရီ ၁၀

စိုက်ပျိုးရေနှင့်သောက်သုံးရေများရရှိပြီး ဒေသနေပြည်သူနှင့်တောင်သူများ လူမှုစီးပွားမြင့်မားလာစေရန် မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသများတွင် ရေလှောင်တမံများ တည်ဆောက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် သရက်ခရိုင် ကံမမြို့နယ်တွင် မဒေးရေလှောင်တမံကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ မဒေးရေလှောင်တမံမှဆည်ရေ ဧကပေ ၅၄၀၀၀ သိုလှောင်ထားနိုင်ပြီး စိုက်ပျိုးမြေဧရိယာ ဧက၄၀၀၀ကို ရေပေးဝေလျက်ရှိသည်။

မိမိတို့သတင်းအဖွဲ့သည် မဒေးရေလှောင်တမံ၏ ဆည်ရေသောက်စနစ်ကို ကွင်းဆင်းလေ့လာရန် ဥသျှစ်ပင်မြို့အနီး ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်းလာခဲ့ရာ ၂၈မိုင်အရောက် အနောက်ဘက်ဆည်သွားလမ်းအတိုင်း ထပ်မံဝင်လာပြီး ၃မိုင်အရောက်တွင် မဒေးရေလှောင်တမံ တည်ရှိရာသို့ ရောက်ရှိခဲ့သည်။

ပြင်ဆင်

မဒေး ရေလှောင်တမံအတွင်း ဆည်ရေအပြည့် ဝင်ရောက်နေပြီး ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းသာယာလျက်ရှိသည်။ မဒေးရေလှောင်တမံတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ဦးစီးအရာရှိ ဦးတင်ဦးက စောင့်ကြိုနေပြီး ဆည်ရေသောက်စနစ်နှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။ မဒေးရေလှောင်တမံတွင် ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ရေသောက်စနစ်အတွက် ပင်မမြောင်းမကြီး ပြီးစီးနေပြီဖြစ်၍ လက်ယာမြောင်းမှ ရေပေးဝေလျက်ရှိသည်။ စာရေးသူရောက်ရှိချိန်တွင် ဆည်မြောင်းဌာနက နွေစပါးရေပေးဝေရန် မြောင်းများကို ပြင်ဆင်နေပြီး တောင်သူများက နွေစပါး စိုက်ပျိုးရန် ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

တူးမြောင်းမကြီး အလျားမှာ ၁၀မိုင်ရှိပြီး တူးမြောင်းခွဲအလျားမှာ ၄၇ဒသမ၈မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံ စုစုပေါင်း ၂၉၆ ခုရှိသည်။ စိုက်ပျိုးရေကို မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ဝန်းကျင်တွင် ရေပေးဝေလျက်ရှိပြီး ရေသောက် ဧက၄၀၀၀ဖြစ်သည်။ ကံမမြို့နယ်တွင် နှစ်စဉ်မိုးရေချိန် ၄၅ ဒသမ ၀၆လက်မရွာသွန်းနေပြီး မိုးရာသီတွင် ရေအလုံအလောက်ရရှိနေ၍ မိုးစပါးအတွက် ရေပေးဝေစရာမလိုဘဲ နွေစပါးကိုသာ အဓိကထား စိုက်ပျိုးရေပေးဝေရကြောင်း သိရှိရသည်။ တောင်သူများမှာ မိုးစပါးကို ဆောလျင်စွာ စိုက်ပျိုးနိုင်ပြီး မိုးစပါး ရိတ်သိမ်းပြီးလျှင် နွေစပါး မစိုက်ပျိုးခင် စောင့်ဆိုင်းကာလ၌ ပဲစင်းငုံ၊ ကုလားပဲ၊ မြေပဲ၊ နှမ်း စိုက်ပျိုးကြသည်။ ပဲစင်းငုံကို အများဆုံးစိုက်ပျိုးကြ၍ သုံးသီးစားနေကြရပြီး ဝင်ငွေကောင်းလျက်ရှိကြသည်။

မဒေးရေလှောင်တမံသည် ကံမမြို့နယ် ကြို့ပင်ရွာအနီးတွင် တည်ဆောက်ထားပြီး မဒေးချောင်းကို ပိတ်ထားခြင်းဖြစ်သည်။ ပင်မတမံအလျားမှာ ပေ၁၉၂၀ရှိပြီး ကုန်းကျော တမံအလျားမှာ ပေ၁၂၀၀ရှိသည်။ တမံအမြင့် ၁၅၅ပေရှိသည်။ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧကပေ ၉၁၁၀၀ရှိပြီး ရေဆင်းဧရိယာ ၇၆ ဒသမ ၀၀စတုရန်းမိုင်ရှိသည်။ တမံသည် မြေသားတမံဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀ ရှိ၍ ကန်ရေသေရေလှောင် ပမာဏမှာ ဧကပေ၁၀၀၀၀ရှိသည်။ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက၉၆၀ရှိပြီး ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်ဖြစ်သည်ကို တွေ့ရှိရသည်။ ရေထုတ်ပြွန်အလျား ၄၆၈ ပေရှိပြီး အရွယ်အစားသည် အကျယ် (၄ပေ× ၆ပေအမြင့် (၁)ပေါက်)နှင့် အချင်း ၂၄လက်မ PENSTOCK (၁)ပေါက် ဖြစ်သည်။

ရေပိုလွှဲအမျိုးအစားသည် ဘဲနှုတ်သီးပုံရေပိုလွှဲ (DUCK, BILL) ဖြစ်ပြီး အကျယ် ပေ၂၀၀ရှိ၍ ရေပိုလွှဲဒီဇိုင်းရေထုစီးနှုန်း ၃၆၅၈၀ ကုဗပေ/ စက္ကန့် ဖြစ်သည်။ ရေထုတ်ပြွန်၏အထက် နှစ်ပေအချင်းရှိသော သံမဏိပိုက် တစ်လုံးကို တပ်ဆင်ထားပြီး ၁၀၀မှ ၁၅၀ ကီလိုဝပ်အထိ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန် ဖြစ်သည်။

မဒေးရေလှောင်တမံ ရေပေးမြောင်း ရေကျအဆောက်အအုံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် အသေးစား ရေအားလျှပ်စစ်စက်ရုံကို တွေ့မြင်ရစဉ်။

စိုက်ပျိုးနိုင်မည်

ဆက်လက်၍ ဦးစီးအရာရှိ ဦးတင်ဦးက ရေမြောင်းများပြင်ဆင်မွမ်းမံနေမှုကို လိုက်လံပြသခဲ့သည်။ နွေစပါးစိုက်ပျိုးရန် မြောင်းမကြီးများကို စက်ယန္တရားများဖြင့် မြေကြီးများဆွဲတင်နေကြသည်။ ကံမမြို့နယ်အတွက် မဒေးရေလှောင်တမံမှ စိုက်ပျိုးရေကို အထူးအားထားနေကြသည်။ မဒေးရေလှောင်တမံမှ နွေစပါးအတွက် ရေပေးဝေမှုတွင် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဧက၁၅၇၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဧက၄၃၆၊ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဆည်ရေသောက် ဧရိယာတစ်ခုလုံး နွေစပါး ဧက ၄၀၀၀ပေးဝေနိုင်မည်ဟု သိရှိရသည်။ လက်ဝဲမြောင်းမကြီးမှ ဧက ၂၀၀၀၊ လယ်ယာမြောင်းမကြီးမှ ဧက ၂၀၀၀ဖြစ်သည်။ မိုးစပါးသည် ဧက ၄၀၀၀စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးသည်လည်း ဧက၄၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်၍ တစ်နှစ်လုံးတွင် ကံမမြို့နယ်၌ စုစုပေါင်း စပါးဧက ၈၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

တိုးမြင့်လာ

ထို့နောက် ရေပေးမြောင်းတွင် တပ်ဆင်ထုတ်လုပ်၍ ကျေးရွာများ လျှပ်စစ်ဓာတ်အား ပို့ပေးနေသည့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ ရှေးဦးစွာ ပျဉ်ထောင်ရွာအနီးတွင် လည်းကောင်း၊ ထို့နောက် အထက်မီးပေါက်ရွာ အနီးတွင်လည်းကောင်း ရေကျအဆောက်အအုံတွင် ၁၀ကေဗွီနှင့် ၅ကေဗွီ ရှိသော ရေအားလျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်သုံးစွဲနေကြပြီဖြစ်သည်။ ကုန်းမြင့်လယ်မြေများ စိုက်ပျိုးနိုင်ရန် ရေတင်ပို့ပေးလျက်ရှိသည်။ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲခဲ့သဖြင့် စိုက်ပျိုးမြေ တိုးမြင့်လာလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသတွင် မဒေးရေလှောင်တမံ ပြီးစီးခဲ့၍ မိုးစပါး၊ နွေစပါး၊ ရေအားလျှပ်စစ်ဓာတ်အား စသည်ဖြင့် တိုးတက်မှု အသီးအပွင့်များကို ရယူခံစားနေရပြီး သုံးသီးစားဘဝဖြင့် လူမှုဘဝပျော်ရွှင်ချမ်းမြေ့စွာ ရှိနေကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ လက်ထက် ဘယ်ခေတ်ကာလကမျှနှင့်မတူ တစ်တိုင်းတစ်ပြည်လုံး တစ်ပြေးညီ ပြောင်းလဲတိုးတက် စည်ပင်သာယာလျက်ရှိရာ မဒေးရေလှောင်တမံ၏ အကျိုးကျေးဇူးများသည်လည်း အပါအဝင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- ခင်မောင်သန်း (စက်မှု)

(မြန်မာ့အလင်း)



မဒေးရေလှောင်တမံကို တောင်တန်းများ နောက်ခံထားလျက်ဤသို့ တွေ့မြင်ရသည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နတ်မောက်-ပျော်ဘွယ်လမ်း ဆေးရုံကြီးရှေ့တွင် ပန်းအလှပင်များစိုက်ပျိုးနေမှုကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ရေးမြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ရေယာဉ်များဖြင့် မြို့ပေါ်ရှိ မီးသတ်ရေကန်များအား ရေဖြည့်တင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၂ရက်ကဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်မီးသတ်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ရာသီသီးနှံစိုက်ခင်းတွင် ဇန်နဝါရီ ၆ ရက်က အဖွဲ့ဝန်ထမ်းများ စားဖိုဆောင်သီးနှံစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟံသာဝတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်ဝင်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ရက်က အဖွဲ့အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပဒိုင်ကြီးကျေးရွာ စက်ရေတွင်းကို အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လူထုလမ်းလျှောက်ပွဲ အမြို့မြို့ အနယ်နယ်တွင် ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၄ရက်က ကျင်းပရာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်မြ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ စုစုပေါင်း ၁၅၀၀ခန့် ပါဝင်ဆင်နွှဲကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၈ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။ (၁၈၃)

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။ (၁၄၂)

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက်က ကသာမြို့ ရောရွှေလီအားကစားခန်းမရှေ့၌ ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းထိုက်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံဦးစီးအရာရှိ ဦးကျော်ဆွေဝင်းနှင့် ပြည်သူများ စုစုပေါင်း ၄၂၇၃ဦး တက်ရောက်ဆင်နွှဲကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု ဖူထီကျေးရွာ ပိတောက်ဝါ ကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက ဖူထီကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့် ဖူထီကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖူထီကျေးရွာ ပိတောက်ဝါ ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသ စာအုပ်စာစောင် ၂၅၀၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်ညွှန့်က သုတ ရသ စာအုပ်စာစောင် ၅၀၊မြို့နယ်ပြည်တွင်းကုန်တင်/ကုန်ချ ဦးစီးမှူး ဦးဇော်သန်းက သုတ ရသ စာအုပ်စာစောင် ၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပိတောက်ဝါကျေးလက်စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့တွင် စုပေါင်းလမ်းလျှောက်

ကျောက်ဆည် ဇန်နဝါရီ ၁၀

ကျောက်ဆည်မြို့တွင် ဒီဇင်ဘာ ၂၅ရက် နံနက် ၅နာရီက ဒီဇင်ဘာလ စတုတ္ထအပတ် လူထုလမ်းလျှောက်ပွဲကို ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများစုပေါင်း၍ မြို့ပတ်လမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြသည်။

စတုတ္ထအပတ် စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကို မြို့နယ်အတွင်းရှိ သစ်စက်လုပ်ငန်းရှင်များနှင့် စက်မှု(၁) ဝန်ကြီးဌာနတို့က ပူးပေါင်း၍ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ စက်ဘီးတစ်စီး၊ အပ်ချုပ်စက်တစ်လုံး၊ ပန်ကာနှင့် စတီးလ်ပစ္စည်း အမျိုး ၂၀ကျော်အပါအဝင် ဆုမဲပေါင်း ၇၀ ကျော်ကို ကံစမ်းမဲဖွင့်ဖောက်ပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြောင်းမြမြို့၌ ဇန်နဝါရီ ၄ရက်က ဆုချီးမြှင့်ရာ မာရသွန်ပြိုင်ပွဲ၊ တင်းနစ်၊ ပိုက်ကျော်ခြင်းကျောင်းအလိုက် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအနက် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်က စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တပ်ကုန်းမြို့နယ်၌ ဟောပြော

တပ်ကုန်း ဇန်နဝါရီ ၁၀

နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးနှင့် မော်တော်ဆိုင်ကယ်စီး ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၂/၂၀၁၁)ကို ဇန်နဝါရီ ၇ရက် နံနက် ၁၀ နာရီက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပရာ ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဦးစိုးကြီးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် သင်တန်းတွင် နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းသင်တန်းမှူး ဦးထွန်းအုန်း(ဝဲပုံ)က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ယာဉ်မောင်းတတ်ပြီးသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုနားလည်ပြီး လိုက်နာကျင့်သုံးရေး၊ လမ်းများပေါ်တွင် စနစ်တကျသွားလာရေး၊ လမ်းအန္တရာယ်များ လျော့နည်းပပျောက်စေရေးနှင့် အန္တရာယ် သတိပေးခြင်း ညွှန်ကြားချက်များကို ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

(ဝ၉၁)

လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပဲခူး၌ အသိပညာပေး ဟောပြော

ပဲခူး ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး HIV/AIDS အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းစု(လူကုန်ကူးမှု)က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပညာပေးဟောပြောပြီးနောက် ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်စိုးက HIV/AIDS နှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်းက ကိုယ်ဝန်ဆောင်မိခင်များ HIV/AIDS ရောဂါဘေးမှကာကွယ်ခြင်းအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူလတန်းအဆင့် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၁၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရမည်းသင်းမြို့နယ် ပညာရေးမှူး ဦးသန်းထွန်းဟန်၏ မူလတန်းအဆင့် ကျောင်းပေါင်းစုံအလိုက် ရှုံးထွက်ဘောလုံးပြိုင်ပွဲများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၁၈ရက်က ကျင်းပရာ ဇုန်(၁၁)မှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဒီဇင်ဘာ ၂၃ရက်က နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရွှေဒါးဇုန်အသင်းနှင့်ငှက်သိုက်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငှက်သိုက်ဇုန်အသင်းက ရွှေဒါးဇုန်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် ပထမဆုရ ငှက်သိုက်ဇုန်အသင်းအား မြို့နယ်ပညာရေးမှူးက ငွေသားနှင့် ဆုဖလားအားလည်းကောင်း၊ ဒုတိယဆုရ ရွှေဒါးဇုန်အသင်းအား ငွေသားဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၆၉)

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာတွင် ၁၉၇၅ခုနှစ် မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် နှစ်ထပ်ခုနစ်ပင် ရှေးဟောင်းအုတ်ကျောင်း ပြန်လည် ပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၂၆၀၀၀ကို ဒီဇင်ဘာ ၂၇ ရက်က ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်) အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ (တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)တို့က တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၃)

မိုးကောင်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၁၀

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာ ဘဝရှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက် ၁၁နာရီက ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ စာကြည့်တိုက်ကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်း၊ ဒုတိယဦးစီးမှူး ဦးမင်းမင်းလတ်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစင်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်-ဒေါ်အေးအေးသန်း မိသားစုက စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ် ၂၅သိန်း၊ ကျန်အလှူရှင်များက ငွေကျပ် ၆၉၀၉၀၀ အပါအဝင် အလှူငွေကျပ် ၄၇၁၉၄၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ မိုးညှင်းမြို့နယ်၌ ကျင်းပ

မိုးညှင်း ဇန်နဝါရီ ၁၀

မိုးညှင်းမြို့နယ် မော်ဟဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်အေးက အမှာစကားပြောကြားပြီး ဆက်လက်၍ အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တာဝန်ရှိသူများက ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(ပညာရေး)**

ဝက်လက်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ဝက်လက် ဇန်နဝါရီ ၁၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စိုင်နိုင်လေးကျေးရွာ ကွင်းအမှတ် (၃၁၂၄)၊ ဦးပိုင်အမှတ် (၇၈) တောင်သူဦးကျော်သိန်းနိုင်၏ ဧရာမင်းစပါးစိုက်ခင်း၌ ဒီဇင်ဘာ ၉ ရက် နံနက်က မိုးစပါးရိတ်သိမ်းပွဲကျင်းပရာ ခရိုင်မြေစာရင်းဦးစီးမှူး ဦးသန်းလှိုင်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်း၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့တို့သည် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးအောင်ကြည်ဝင်းနှင့် ဝန်ထမ်းများနှင့်အတူ ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၉၁ ဒသမ ၁၄တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

(စိုက်ပျိုးရေး)

မြို့နယ်သတင်း ထွေတလာ

မီး
အစဉ် သတိပြု

ကမမောင်းမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၃၁၅ပေ အရှည်ရှိ ဝါးဘိုးတော-ကမမောင်း လမ်း ချောင်းညီနောင်ဘေလီတံတား ပြုပြင်နေမှုကို ဖာပွန်ခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာဦးဇော်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၂)ရပ်ကွက် စစ်တောင်းရိပ်မွန် ယုဇနလမ်း၌ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။ (မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများအတွက် ဖိတ်စာများပေးပို့ လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အရောက် သတင်းပို့ကြရမည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတို့၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက် (တနင်္လာနေ့) နံနက် ၈ နာရီ ၅၅ မိနစ်တွင် စတင်ကျင်းပရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးများတက်ရောက်ရန် ဖိတ်စာများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပြီးဖြစ်သည်။

သတင်းပို့

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးများအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်သို့ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (ကြာသပတေးနေ့)အရောက် သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ်လက်လှုပ်ရှား အားကစား ကျန်းမာရေးအတွက် ဆေးတစ်ပါး

➢ သတင်းမှတ်စုနှင့်ဓာတ်ပုံ - ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ကွင်းပြင်ကျယ်တွင် ကျားမ မရွေး ပျိုရွယ်သူမှသည် သက်ကြီးရွယ်အိုများအထိ နံနက်ခင်း ကိုယ်လက်လှုပ်ရှားနေမှုမြင်ကွင်းကား ကျက်သရေမင်္ဂလာရှိလှ၏။ (ယာပုံ) ***စာမျက်နှာ ၁၀ ကော်လံ ၁*** ❖

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ဆောက်ခြင်းသည် စကားလုံးသက်သက်၊ စိတ်ကူးယဉ်သက်သက်ဖြင့် ရနိုင်သည်မျိုးမဟုတ် ပကတိအရှိတရားပေါ်တွင် အခြေခံပြီး ဘက်စုံထောင့်စုံကနေ တည်ဆောက်အကောင်အထည်ဖော်ရခြင်းဖြစ်

တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ဒေသတစ်ခု အကျိုးစီးပွားကိုသာကြည့်ပြီး ဆောင်ရွက်ရတာမျိုးမဟုတ် ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသည့် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျောင်းကုန်းမြို့နယ် ကံကလေးလမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီး လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

12-1 (01).pmd 1 1/12/2011, 3:42 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်)

အိုင်စီတီနည်းပညာများ မျက်ခြည်မပြတ်လေ့လာဆည်းပူး

မြန်မာနိုင်ငံတွင် အိုင်စီတီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ အိုင်စီတီဆိုင်ရာနည်းပညာပြပွဲများကို ကျင်းပပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ နိုင်ငံတကာနှင့်ယှဉ်သော နည်းပညာများကို လေ့လာသိရှိခွင့်ရကြမည်ဖြစ်သည်။

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ရှိ ရတနာပုံဆိုင်ဘာခန်းမ၌ ဇန်နဝါရီလ ၈ ရက်နေ့မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၌ အထောက်အကူဖြစ်စေရန်၊ ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အိုင်စီတီနည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

နဝမအကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်းပြည်ပကုမ္ပဏီ ၂၆ ခုတို့က ပြခန်းပေါင်း ၃၀ ဖွင့်လှစ်ပြသလျက်ရှိသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အိုင်စီတီနည်းပညာရပ်များကို ယနေ့မျိုးဆက်သစ်လူငယ်များ လေ့လာသိရှိထားပါက နည်းပညာနယ်ပယ်၌ နိုင်ငံတကာအဆင့်ထိ တက်လှမ်းနိုင်မည်ဖြစ်သည်။

ရတနာပုံဆိုင်ဘာခန်းမအတွင်း ပြည်တွင်းပြည်ပကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် အိုင်စီတီနည်းပညာပစ္စည်းများ၊ ရတနာပုံနည်းပညာမြို့သစ်၌ ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ဆက်သွယ်ရေးနည်းပညာပြခန်းများနှင့် e-cinema တို့ကို ပြသထားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်၊ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ အားပေးမြှင့်တင်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ယနေ့မျိုးဆက်သစ်လူငယ်များသည် အိုင်စီတီနည်းပညာရပ်များကို မျက်ခြည်မပြတ်လေ့လာပြီး တိုးတက်ပြောင်းလဲလာသည့် လူနေမှုစနစ်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် တွဲဖက်အသုံးပြုသွားပါက လုပ်ငန်းများ တိုးတက်အောင်မြင် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆု ချီးမြှင့်ပွဲ

ဝန်ကြီး ဦးအောင်ကြည် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားသို့ မိဘဆရာအသင်းနာယက အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်ကြည်က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး တာဝန်ရှိသူများက ဘက်စုံဆုများ ဆက်လက်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် တင်ဆက်ကပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု

ဒေါပုံမြို့၌ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၁

ဒေါပုံမြို့နယ်အတွင်းရှိ နာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဒေါပုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်တို့ တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ၊ ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်မိမိခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဦးသန်းဝင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။ ထို့နောက် အဆိုပါအဖွဲ့သည် ဒေါပုံမြို့နယ် ရပ်ကွက်များအတွင်းရှိ နာတာရှည် ဝေဒနာရှင် ၂၀အား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးများ၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ဝဲပုံ) (၂၁၁)

တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ အုန်းကုန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်များနှင့် ကျောင်းသား ကျောင်းသူများသည် အသင်းသို့ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား သတင်းပေးပို့ ဆက်သွယ်ကြရန်နှင့် တိုက်ကြီးမြို့သို့ သွားရောက်၍ အစည်းအဝေးကျင်းပမည်ဖြစ်သဖြင့် ရန်ကုန်မြို့မှ ကန်တော့ခံပုဂ္ဂိုလ်များနှင့် အသင်းသား အသင်းသူများအတွက် တိုက်ကြီးမြို့သို့ အသွား၊ အပြန် ကားများ စီစဉ်ထားရာ လိုက်ပါလိုသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဇန်နဝါရီ ၂၃ ရက် နံနက် ၆နာရီခွဲတွင် ပြည်လမ်း မြေနီကုန်း မစိုးရိမ်ကျောင်းရှေ့သို့ အရောက်လာကြရန် ဖိတ်ကြားထားပြီး ဖုန်း-၅၂၆၁၆၄၊ ၅၃၅၀၂၉ နှင့် ၂၂၁၇၄၅ တို့ထံသို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဖွင့်လှစ်ပေး

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ထန်းတပင်ကျေးရွာအုပ်စုနှင့် သောကြာဒူးကျေးရွာအုပ်စု ဆက်သွယ်သည့် အောင်ပန်းကုန်း ကျေးလက်တံတားကို ဇန်နဝါရီ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်သက်ရှည်တို့ ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ ရွှေပြည်သာ အမက(၁၃)၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရွှေပြည်သာမြို့ အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ အေးမြဇာခန်းမဆောင်၌ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်အောင်တို့က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ပညာရည်ချွန်ဆုပေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနား၌ တတိယတန်း ပထမဆု၊ စတုတ္ထတန်း မြို့နယ်အဆင့် ထူးချွန်စွမ်းရည်ပြိုင်ပွဲ အင်္ဂလိပ်စာ ပထမဆု၊ သင်္ချာ ဒုတိယဆု၊ မြို့နယ်ဘက်စုံထူးချွန် ပထမဆုတို့ကို ရရှိခဲ့သော ကျောင်းသူ မဆုရတီစိုးအား ကျောင်းအုပ်ဆရာကြီး ဦးကျော်အောင်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ငမိုးရိပ်ရေလှောင်တမံကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဇန်နဝါရီ ၉ ရက်က အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိများနှင့် တွေ့ဆုံ၍ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား ဝတ်စုံများ၊ ချီးမြှင့်ငွေနှင့် အားကစားပစ္စည်းများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ငမိုးရိပ်ရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှုနှင့် ဆည်ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** မရမ်းချောင်ကျေးရွာ နယ်မြေခံတပ်ရင်းများ၌ အရာရှိများနှင့် တွေ့ဆုံသည်။

ယင်းနောက် နယ်မြေခံတပ်ရင်းများအတွင်း ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ချီးမြှင့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်နှင့် အီဂျစ်မှ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးတို့အား အီဂျစ်နိုင်ငံ National Company For Meat Trade (NCMT) မှ Chief Executive Officer, Mr.Eng.Ezz Arif နှင့် Project Manager, Dr. Sayed Meshref တို့ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စ၊ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များကို ဝယ်ယူတင်သွင်းလိုခြင်း ကိစ္စ၊ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်နေမှုကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ သမိုင်းဝင် စတီးဝဲလ်လမ်းမကြီးကို ပြည်တွင်းနှင့် တရုတ်ကုမ္ပဏီတို့ ပူးပေါင်းအဆင့်မြှင့်မည်၊ မဟာမဲခေါင်ချိတ်ဆက်မည့် ရထားလမ်းကွန်ရက်အတွက် အာရှဖွံ့ဖြိုးမှုဘဏ်က နည်းပညာကူညီမည်၊ အဆင်သင့်အသုံးပြုနိုင်သော ရုံးခန်းများ ငှားရမ်းလာ၊ အမေရှာတွင် ရှေ့လ၌ အမေများ စတင်နေထိုင်နိုင်တော့မည်၊ ကိုရီးယားနိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲ၌ မြန်မာက ဒုတိယဆုရရှိ၊ ပြည်တွင်းထုတ် Garden Furniture များ ဥရောပသို့ ဦးစားပေးတင်ပို့နေရ၊ နောက်ဆုံးပေါ် အသံနည်းပညာအသုံးပြု အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ရန်ကုန်မြို့၌ ရှေ့လတွင်ဖွင့်မည်၊ သက်ကြီးရွယ်အိုများအား တစ်သက်တာ စောင့်ရှောက်မည့် အစီအစဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိ၊ Mc Will ဖုန်းများကို တစ်နှစ်လျှင် ငွေကျပ်ခြောက်သောင်းဖြင့် အင်တာနက်သုံးစွဲခွင့်ပြုမည်၊ သီရိမင်္ဂလာဈေးသစ်ရှိအများသုံးအိမ်သာအတွင်း၌ အမျိုးသားတစ်ဦး ဓားဒဏ်ရာရရှိပြီး သေဆုံး၊ မြန်မာ့ဆေးဖက်ဝင်သစ်ခွများကို ပြည်ပက ရနိုင်သမျှဝယ်မည်၊ ကမ္ဘာ့ပထမဆုံးအဖြစ် မလေးရှားနိုင်ငံ၌သင်ကြားပေးမည့် ဆေးပညာ မဟာသိပ္ပံဘွဲ့သစ်ကို မြန်မာဆရာဝန်များလည်း တက်ရောက်နိုင်၊ မြန်မာဘာသာဖြင့် ပထမဆုံးရေးသားသည့် အွန်လိုင်းဂိမ်းကို မကြာမီဖြန့်မည်၊ ကြိုတင်ငွေပေး ကတ်စနစ်သုံး မီတာပုံးများ စတင်ထုတ်လုပ်၊ ခုနစ်လကြာအောင်တူးခဲ့ရသည့် ပေ ၁၀၀ ရှည်သော ဥမင်လိုဏ်ခေါင်းမှ ဘဏ်ကို ဖောက်ထွင်းနိုင်ခဲ့၊ ကမ္ဘာ့ကျော်တင်းနစ်အားကစားသမားနှစ်ဦး ရေပေါ်၌ ပြိုင်ပွဲကျင်းပ၊ လမ်းပေါ်ကသူတောင်းစား အသံကောင်းလွန်းသဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနက ကမ်းလှမ်းခံရပြီး ဒေါ်လာတစ်သန်းကျော်ရရှိမည်၊ တရုတ်အမျိုးသားတစ်ဦး ဦးခေါင်း၌ သုံးလက်မရှည်သည့် ချိုပေါက်နေ၊ အမေရိကန်၌ ထောင်နှင့်ချီသောငှက်များ ပြုတ်ကျသေဆုံး၊ မြန်မာသင်္ဘောသားတစ်ဦးပါဝင်သော ကုန်တင်သင်္ဘောတစ်စင်း တောင်ကိုရီးယားဆိပ်ကမ်း၌ မီးလောင်....စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စု ကန္တားအလယ်ကျေးရွာသုတရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက စာကြည့်တိုက်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် အလယ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၏ရည်ရွယ်ချက်နှင့် စံ(၅)ရပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးက ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ စာအုပ်များနှင့် World Vision Myanmar (အရှေ့)ကိုယ်စား ကျေးရွာတာဝန်ခံ ဦးစိုးသက်ပိုင်က ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ပရိဘောဂပစ္စည်းများ လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ စာအုပ်များနှင့် အလယ်ကျေးရွာမှ ကိုလွင်ကြည်-မအေးအေးသွယ် (ပွင့်ဦးသစ်စက်)က ငွေကျပ် ၇၀၀၀၀ တန်းဖိုးရှိ LG ၁၄လက်မ TV တစ်လုံး လှူဒါန်းရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်ကလည်းကောင်း လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အလှကုန်ပစ္စည်းများ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

FEM အမှတ်တံဆိပ် Cosmetics များကို အမြွှာညီနောင်ရေမွှေးနှင့် အလှကုန်က ၂၀၀၇ခုနှစ်မှ စတင်ကာ အိန္ဒိယနိုင်ငံမှ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း၊ Brand ပေါင်းစုံ ဖြန့်ချိရောင်းချလျက်ရှိပြီး FEM တံဆိပ် အလှကုန်များမှာ International Brand ဖြစ်သဖြင့် လူကြိုက်များလျက်ရှိကြောင်း သိရသည်။

FEM Hair Removing Cream ကို အနံ့လေးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိထားသည်။ FEM Creme Bleach အမွေးအမှင် ရွှေရောင်ပြောင်း Cream အမျိုးအစား နှစ်မျိုးရှိပြီး ၁၅မိနစ်ခန့်ထား၍ အသုံးပြုရသော ရေမွှေးရနံ့ရှိသည့် ပန်းရောင်ဘူးနှင့် မိနစ် ၃၀ ထား၍ အသုံးပြုရသော အပြာရောင်ဘူးဟူ၍ဖြစ်သည်။ အကျိုးအာနိသင် ကွာခြားမှုမရှိသဖြင့် ကြိုက်နှစ်သက်ရာ ရွေးချယ်အသုံးပြုနိုင်သည်။ FEM Creme Bleach အမွေးအမှင် အရောင်ပြောင်းဆေးသည် ကြည့်မကောင်းသော အမွေးအမှင်များကို မမြင်သာအောင်ပြုလုပ်ပေးနိုင်သည်။ မျက်နှာ၊ လက်၊ ပေါင်နှင့် ခြေသလုံးတို့တွင် မထူမရှည်ပေါက်ရောက်သော အမွေးအမှင်များအတွက် အသုံးပြုနိုင်သည်။ FEM Facial Wax Strip နှင့် FEM Body Wax Strip အမွေးကျွတ် ဖယောင်းကပ်ခွာ အမျိုးအစား နှစ်မျိုးလည်းရှိသည်။ အသုံးပြုပုံအညွှန်းများကို မြန်မာဘာသာဖြင့် လွယ်ကူစွာဖော်ပြထားသည်။ အမြွှာညီနောင် ရေမွှေးနှင့်အလှကုန်မှ FEM အလှကုန်အမျိုး ၂၀ကျော် အပါအဝင် အခြားရေမွှေးနှင့် အလှကုန်များကိုလည်း မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိ ရောင်းချပေးနေပြီး အမြို့မြို့အနယ်နယ်ရှိ စတိုးဆိုင်များနှင့် စူပါမားကတ်များတွင် ဝယ်ယူရရှိနိုင်ကြောင်း၊ နယ်ကိုယ်စားလှယ်ယူလိုသူများနှင့် လက်လီ လက်ကား ဝယ်ယူရောင်းချလိုသူများအနေဖြင့် ဖုန်း- ၀၁-၂၀၀၆၇၆ နှင့် ၀၉-၅၁၁၂၆၄၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မာန်အောင်မြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၁

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက်က ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်း ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဦးရွှေဘက ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူကာ ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မသင်းစုထွေးအား အသင်းဥက္ကဋ္ဌ ဦးအုန်းမြင့်က ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** ကျန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူရှစ်ဦးအား တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ၂၀၁၁ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးအုန်းမြင့် ပါဝင်သော အလုပ်အမှုဆောင် ၂၆ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၃)**



၂၀၁၀ MNL ပြိုင်ပွဲများအတွက် ဆုများချီးမြှင့် အကောင်းဆုံးဘောလုံးသမားဆု အောင်ကျော်မိုး ရရှိ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ကိုကိုစိုးညွန့်

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၁၀ MNL ပြိုင်ပွဲများတွင် ဆုရအသင်းများနှင့် အကောင်းဆုံး ဘောလုံးသမားဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညဂုနာရီက ဆီဒိုးနား ဟိုတယ်တွင် ကျင်းပပြုလုပ်ရာ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက Title Sponsor ဖြစ်သည့် Grand Royal ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက Co-Sponsor ကုမ္ပဏီများကိုလည်းကောင်း အမှတ်တရလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မသန်စွမ်းသူများဘောလုံးအသင်းအတွက် ကျပ်သိန်း ၂၀နှင့် ဘောလုံး အလုံး ၃၀ ပေးအပ်လှူဒါန်းသည်။

ဆုချီးမြှင့်

၄င်းနောက် ဥက္ကဋ္ဌဦးဇော်ဇော်က ဖလားသုံးလုံးရရှိအောင် စွမ်းဆောင်ထားသည့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းအား ဆုဖလား ချီးမြှင့်သည်။ ဆက်လက်၍ ရတနာပုံ FC အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက MNL အရန်အသင်းများ အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ Southern Myanmar အသင်း၊ ဒုတိယဆုရ ဥဿာယူနိုက်တက်အသင်းနှင့် ပထမဆုရ ရန်ကုန်ယူနိုက်တက်အသင်းတို့အား ဆုဖလားများကိုလည်းကောင်း၊ ဧရာဝတီယူနိုက်တက် FC ဥက္ကဋ္ဌ ဦးရန်ဝင်းက အရန်အသင်းပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုရ ကောင်းစည်သူ(ရန်ကုန်)နှင့် မျိုးဇော်ဦး(မကွေး)တို့အား ဆုတံဆိပ်နှင့် ကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် FC ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက ဒုတိယဆုရ ဇေယျာရွှေမြေအသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက ပထမဆုရ ရတနာပုံ အသင်းအား ကျပ်သိန်း ၅၀၀ကို ပေးအပ်ချီးမြှင့်ကြသည်။ ဇေယျာရွှေမြေ FC ဥက္ကဋ္ဌ ဦးသူရိန်က အသန့်ရှင်းဆုံးအသင်းဆုရ မနောမြေ FC ကိုလည်းကောင်း၊ I.B.T Co.,Ltd.မှ Executive Director ဦးတင်ဦးက အကောင်းဆုံး လူငယ်ဘောလုံးသမားဆုရ ဒေးဗစ်ဒန်း(ရန်ကုန်ယူနိုက်တက်)ကိုလည်းကောင်း၊ ဧရာဝတီယူနိုက်တက် FC နာယက ဦးစိုးဟန်လင်းက အကောင်းဆုံးဒိုင်လူကြီး ဆုရ ဦးလှမင်း၊ အကောင်းဆုံးအကူ ဒိုင်လူကြီးဆုရ ဦးဟန်သိန်း၊ အတိုးတက် ဆုံး ဒိုင်လူကြီးဆုရ ဦးကျော်ကျော်မင်းတို့အား ဆုများချီးမြှင့်သည်။

ဂိုးသွင်းအများဆုံး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇက ဂိုးသွင်းအများဆုံးဆုရ လစ်ပီလစ်ပီ (ဥဿာယူနိုက်တက်)အား ဆုတံဆိပ်နှင့် ကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားတတိယဆုရ ရာဇာဝင်းသိန်း(ရန်ကုန်)၊ ဒုတိယဆုရ ဆမ်မြူရယ်ဟန်ဆန်(ရန်ကုန်)နှင့် ပထမဆုရ အောင်ကျော်မိုး(ရတနာပုံ)**(အပေါ်ဝဲပုံ)** တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အာရှဘောလုံးအဖွဲ့ချုပ်မှ Gold Awards ချီးမြှင့်ခံရသည့် ဦးတင်အောင်၊ ဦးတင်အောင်(ဂိုး)၊ ဦးရဲထွဋ်တင်၊ Silver Awards ချီးမြှင့်ခံရသည့် ဦးထွန်းလှအောင်၊ အမျိုးသမီး အကောင်းဆုံးဘောလုံးသမားဆုရ စန်းစန်းမော်နှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မြန်မာတက္ကသိုလ်ဘောလုံးအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ် ပြာသိုလဆန်း(၈)ရက် (ဥပုသ်နေ့)
၁၂-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **မြူးမြူးကြွကြွ ယဉ်ကျေးမှုအက**
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ **ချစ်တတ်ကြရအောင်**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ သီချင်းကြီးပဒေသာ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၀ ၈။ **၂၀၁၀ ကမ္ဘာ့အားကစားပုံရိပ်များ**
၅:၂၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၄၅ ၁၄။ ရွှေရင်ခုန်သံ
၇:၁၅ ၁၅။ **ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်**
၇:၄၅ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၈)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၆)
၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **မပြောင်းမလဲရင်ထဲမှာ** ထွန်းထွန်း၊မင်းဟိဏ်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြိုင်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ တပ်ဆင်နေမှုကို ဒီဇင်ဘာ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမြင့်ဟန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

အိန္ဒိယ၌ ရေခဲစက်ရုံ မီးလောင်

နယူးဒေလီ ဇန်နဝါရီ ၁၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ရေခဲများထုတ်လုပ်သော စက်ရုံတစ်ရုံ ဇန်နဝါရီ ၁၁ရက်က မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး စက်ရုံအဆောက်အအုံပျက်စီးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

တင်ပို့ပေးထား

အဆိုပါ စက်ရုံမှာ အနောက်ဘင်္ဂေါပြည်နယ် ကိုလ်ကတ္တားမြို့၌ တည်ရှိပြီး မီးလောင်မှုဖြစ်ပွားသည်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ မီးငြိမ်းသတ်နိုင်ခဲ့သည်။

စက်ရုံအတွင်းမှ ဓာတ်ငွေ့များ ယိုစိမ့်ပေါက်ကွဲခဲ့ခြင်းကြောင့် မီးလောင်မှု ပိုမိုအားကောင်းခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားသည်။ စက်ရုံအတွင်း ဝါယာရှော့ဖြစ်ပြီး မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဂျာမနီ၌ မိုးသည်းထန်ပြီး ရေလွှမ်း

ဘာလင် ဇန်နဝါရီ ၁၁

ဂျာမနီနိုင်ငံ နေရာဒေသအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နိုင်ငံအတွင်းမြစ်များ ရေလျှံမှုဖြစ်ပွားကာ ရေလွှမ်းမှုများ ကြုံတွေ့ရလျက်ရှိကြောင်း ဂျာမနီနိုင်ငံ အရာရှိများက ဇန်နဝါရီ ၁၁ ရက်၌ ပြောကြားသည်။

ဂျာမနီနိုင်ငံရှိ မိုဆီလီမြစ်အပါအဝင် အခြားမြစ်ချောင်းများ၌ ရေလျှံခဲ့ပြီး အထူးသဖြင့် ကိုဘီလန့်ဇ်မြို့၌ နေအိမ်အများအပြား ရေလွှမ်းခံရလျက်ရှိသည်။ **(ယာပုံ)**

မိုးမှာ အဆက်မပြတ် ရွာသွန်းနေဆဲဖြစ်သဖြင့် မြစ်ချောင်းအနီးဝန်းကျင်ဒေသများ၌ နေထိုင်ကြသူများအား ရေလွှမ်းမည့်သတိပေးချက်များ ထုတ်ပြန်ထားရကြောင်း၊ နေအိမ်ရာပေါင်းများစွာ ရေလွှမ်းခံနေရကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဆိုမာလီဓားပြ ၁၃ ဦးအား ယီမင်တရားရုံးက ထောင်ဒဏ် ၁၂နှစ် ချမှတ်

ဆာနာ ဇန်နဝါရီ ၁၁

ယီမင်တရားရုံးက ဇန်နဝါရီ ၁၁ရက်၌ ဆိုမာလီပင်လယ်ဓားပြ ၁၃ဦးအား ထောင်ဒဏ် ၁၂နှစ် ချမှတ်လိုက်ကြောင်း၊ ၄င်းတို့သည် ယီမင်ရေပိုင်နက်အတွင်း ဓားပြတိုက်မှုအတွက် ပြစ်ဒဏ်ချခဲ့ခြင်းဖြစ်ကြောင်း ယီမင်အရာရှိများက ပြောကြားသည်။

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဟန်ဒရာမောက်ပြည်နယ် တရားရုံး၏ စီရင်ချက်တွင် တရားခံများသည် ဗုံးများနှင့် သေနတ်များကို ၄င်းတို့၏ စက်လှေတွင် တပ်ဆင်ကာ ယီမင်ရေပိုင်နက်ရှိ နိုင်ငံခြားသင်္ဘောတစ်စင်းအား ဓားပြတိုက်ရန် ကြိုးပမ်းနေစဉ် အချိန်အတွင်း ၂၀၁၀ ခုနှစ် မေလ ၂၈ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

တရားရုံးက ဓားပြတိုက်ရာတွင် အသုံးပြုသော လက်နက်များကို သက်သေအဖြစ် သိမ်းဆည်းကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပရိဘောဂစက်ရုံများနှင့် သစ်အချောထည်စက်ရုံများ

ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုနယ်မြေ (ဝါးတရာ)ရှိ သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၆) ပရိဘောဂစက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှုအဆင့်ဆင့်၊ ကျွန်းလျှာထိုးနှင့် ပါကေးများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၇) ပရိဘောဂစက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး မန်နေဂျာ ဦးဇော်မင်းညွန့်က ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အထွေထွေမန်နေဂျာ ဦးအေးကျော်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါ စက်ရုံများမှ ကျွန်းတန်ဖိုးမြင့် သစ်ခွဲသားများ၊ ပါကေးနှင့် လျှာထိုးများကို ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထို့နောက် ထူးထရေးဒင်း ကုမ္ပဏီလီမိတက် သစ်အချောထည် စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ တန်ဖိုးမြင့် သစ်ခွဲသားများ ထုတ်လုပ်နေမှု၊ ပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)** အဆိုပါ စက်ရုံမှ ကျွန်းနှင့်သစ်မာတန်ဖိုးမြင့် သစ်ခွဲသားနှင့် ပရိဘောဂများ ထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က သုံးခွမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆုရရှိသူတစ်ဦးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

သတင်းအချက်အလက်မြေပုံ အသုံးချနည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံချက်များအတွက် GIS (Geographic Information Systems) ပထဝီသတင်းအချက်အလက် မြေပုံစနစ် သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံ သင်တန်းကို ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၉နှင့် ၃၀ရက်(စနေ၊ တနင်္ဂနွေနေ့) များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း(၄)၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ ၄ရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

လေ့လာခွင့်

အင်ဂျင်နီယာလုပ်ငန်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း INGO များတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် လိုအပ်သော GIS နည်းပညာများကို အချိန်တိုအတွင်း သင်ယူလေ့လာခွင့်ရမည် ဖြစ်သည်။

အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည်ဖြစ်သည်။

credent technology

ဆက်သွယ်စုံစမ်း

သင်တန်းနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင် (၁) အခန်း(၇) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅နှင့် ဖုန်း-၆၅၂၂၈၆ မအိမွန်အောင် သို့မဟုတ် မမွန်မွန်ထံသို့ အသေးစိတ် ဆက်သွယ်စုံစမ်း အပ်နှံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လောင်းလုံ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

လောင်းလုံ ဇန်နဝါရီ ၁၁

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာ အေးသာယာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လက်ခံယူ

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မူမူအေးက စာအုပ်မျိုးစုံအုပ်ရေ ၈၀၊ ကျေးရွာအလှူရှင်များက အလှူငွေကျပ် ၃၀၀၀၀နှင့် စေတနာရှင်များက စာအုပ်မျိုးစုံ အုပ်ရေ ၂၀၀ တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေရှိ သွပ်မိုး၊ အုတ်ကာနှင့် ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသောကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမင်းသန်း (ငြိမ်း) က စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေချီးမြှင့်စဉ်။
(၁၁၉)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

အက်ကွဲနေသည့် အုတ်နံရံချပ်များပြိုကျ၍ အမျိုးသမီးကြီးတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရသေဆုံးမှု ပန်းဘဲတန်းမြို့နယ် ၂၉လမ်းအတွင်း ဖြစ်ပွား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၁)ကို ဖြန့်ချိလိုက်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာ့စီးပွားရေးကို ဦးမော့စေမှာလား၊ မွမ်ဘိုင်းမြို့ရှိ အုံ့မှိုင်းခုနစ်ခုတွင် နောက်ဆုံးတည်ဆောက်ထားသည့် ရွှေတိဂုံစေတီပုံတူ ဝိပဿနာလိုဏ်ဂူပါဝင်၊ မြန်မာနိုင်ငံတွင် အခွန်စနစ်သစ်တစ်ရပ် စတင်ကျင့်သုံး၊ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် အခွန်နှင့်ပတ်သက်၍ လုပ်ငန်းရှင်များ သိရှိလိုက်နာမှု အားနည်း၊ စားသောက်ဆိုင်နောက်ဖေးလမ်းကြားတွင် သေဆုံးနေသည့် မလေးရောက် မြန်မာတစ်ဦး၊ နော်ဝေနိုင်ငံ Seadill ကုမ္ပဏီက မြန်မာ့ကမ်းလွန် ပင်လယ်ပြင်တွင် ရေနံတူးဖော်မှုများ ပြန်လည်ပြုလုပ်မည်၊ ကားဈေးကျ ဒေါ်လာဈေးမတည်ငြိမ်၊ မြန်မာကျပ်ငွေရှားပါး တန်ဖိုးမြင့်တက်၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုများလာနိုင်သည့် မြန်မာနိုင်ငံ၊ ထိုင်းစက်မှုဝန်ကြီး မြန်မာနိုင်ငံလာရောက်မည်၊ ရုပ်ရှင်ချစ်သူများ မျှော်လင့်နေသည့် ၂၀၀၉ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးလာပါပြီ၊ သရုပ်ဆောင်ဆုကို နေတိုး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်တို့က တစ်ပြေးလျက်ရှိ၊ အီရန်ကို အစ္စရေးတို့ ၁၂မိနစ်အတွင်း ဒုံးပျံများဖြင့် တိုက်ခိုက်နိုင်၊ ၁၉၈၀ပြည့်နှစ်က အာရပ်တို့အား အစ္စရေးက နျူကလီးယားဗုံးဖြင့် တိုက်ခိုက်ရန် ကြံစည်ခဲ့၊ အီရန်ရေတပ်က ခရုဇ်ဒုံးပျံသစ်များ လက်ခံရရှိ၊ အီရတ်တို့ တတိယကမ္ဘာစစ်အတွက် လက်နက်အသင့်ပြင်နေပြီလား၊ တရုတ်နိုင်ငံ၏ ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ် အမေရိကန်၏ပင်လယ်ပြင်လွှမ်းမိုးမှုကို ဖျက်ဆီးနိုင်၊ သွားထဲထောက်လှမ်းရေး ပစ္စည်းများ ကွယ်ဝှက်ယူလာမှုဖြင့် အမေရိကန်အမျိုးသမီးကို အီရန်ဖမ်းဆီးထား၊ မောင်းသူမဲ့သူလျှိုလေယာဉ်များ အီရန်ပစ်ချသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီ ဖြစ်သည်။
(သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အသင်းမွှေးရုံကြီး အမှတ် ၅၇ အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသင်းသူအသင်းသားများ၏ တက္ကသိုလ်ဝင်တန်းတွင် ရိုးရိုးအောင်မြင်သူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သူ သားသမီးများသည် အမှတ်စာရင်းနှင့် အသင်းသား အသင်းသူ မိဘအမည်ကို ဖော်ပြ၍လည်းကောင်း၊ ဒီဇင်ဘာ ၃၁ရက်က အသက်(၇၉)နှစ်ပြည့်ပြီးသူ သက်ကြီးကန်တော့ခံ အမည်စာရင်း အသစ်ကိုလည်းကောင်း၊ နိုင်ငံတော်က ချီးမြှင့်သည့်ဂုဏ်ထူးဘွဲ့ထူး၊ ဆုတံဆိပ် ချီးမြှင့်ခံရသူများသည် အထောက်အထားများဖြင့်လည်းကောင်း အသင်းအမှုဆောင်များဖြစ်ကြသည့် ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဒေါ်ခင်စောလှ ဖုန်း-၇၀၅၇၀၁ တို့ထံသို့ ဇန်နဝါရီ ၁၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဇန်နဝါရီ ၄ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးမိုးကျော်နှင့် ဈေးအကျိုးတော်ဆောင်များ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင် လူမင်း စာပေဆိုင်ရာဗဟုသုတများကို ဟောပြောစဉ်။ (သတင်းစဉ်)

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်သည်တော်များသည် ကျောင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်ထံ ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ဟောပြော

ထို့နောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲအခမ်းအနားကို သိရီရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဆရာကြီး ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ စာရေးဆရာမ ဒေါ်ကြူကြူသင်း (ကြူကြူသင်း)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော လူမင်း၊ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့က စာပေဆိုင်ရာဗဟုသုတများကို ဟောပြောကြသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် ဆရာ ဆရာမကြီး ၈၈ ဦးတို့အား မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၈ ရက်က နဝရတ်ခန်းမ၌ကျင်းပရာ တက်ရောက်လာသူများ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။ (၁၀၃)

လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

လှိုင်သာယာမြို့နယ် ၂၀၁၁ခုနှစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အမျိုးသား (အလွတ်တန်း) ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီခွဲက လှိုင်သာယာစက်မှုဇုန် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုး တက်ရောက် အမှာစကားပြောကြားသည်။

(အောက်ပုံ)

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အားကစားကော်မတီ အတွင်းရေးမှူး ဦးငွေစိုးနှင့်ကော်မတီဝင်များ၊ပြိုင်ပွဲဝင်ဘောလုံးအသင်း၂၈သင်းမှ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ယှဉ်ပြိုင်ကစား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လှိုင်သာယာမြို့နယ်ဌာန ဆိုင်ရာများ ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီ သရေကစားသွားကြကြောင်း သိရှိရသည်။ (၀၉၇)

ကာမိုင်း၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကာမိုင်း ဇန်နဝါရီ ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၀ရက် နံနက် ၉ နာရီက မအူပင်ကျေးရွာ ဆွတ်အောင်ရန်ကွင်းအမှတ်(၁၀)၊ ဦးပိုင်အမှတ်(၁၂) တောင်သူဦးရဲအောင်၏ ဆင်းကေရီ(၃) စိုက်ခင်း ၅ ဒသမ ၆၂ ဧက၌ ကျင်းပရာ ကာမိုင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်းစိန်၊ မြို့နယ်စိုက်ပျိုးရေး တာဝန်ခံ ဦးဇော်မင်းထွန်း၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မအူပင်ကျေးရွာ အဖွဲ့ဝင် ဦးမြင့်စိုးနှင့် ကာမိုင်းမြို့နယ် မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ထွက်ရှိ

အဆိုပါ စံကွက်ရိတ်သိမ်းရာ၌ တစ်ဧကအခြောက်တင်း ၇၆ဒသမ၁၈ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များ သီပေါ၌စိုက်ပျိုး

သီပေါ ဇန်နဝါရီ ၁၁

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စမ်းမာလာဥယျာဉ်အတွင်းရှိ ရေသူမရုပ်တု ပြန်လည်ပြုပြင်ခြင်းနှင့် ရေကန်ပတ်လည် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ဇန်နဝါရီ ၃ ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဒီရေတော ထိန်းသိမ်းရေး ဘိုကလေး၌ ဟောပြော

ဘိုကလေး ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တော မျောက်တစ်ရာစခန်း ဒီရေတော သဘာဝထိန်းသိမ်းရေးနယ်မြေသို့ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒီရေတောများ အရေးပါပုံနှင့် ဒီရေတော သဘာဝထိန်းသိမ်းရေးလုပ်ငန်းများကို ဆွေးနွေးသည်။ ယင်းနောက် မိန်းမလှကျွန်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ဘေးမဲ့တော ထိန်းသိမ်းရခြင်း ရည်ရွယ်ချက်နှင့် ဌာန၏လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်ဆွေးနွေးတင်ပြသည်။

ဘေးမဲ့လွှတ်ပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း သွားရောက်ပြီး သဘာဝ ဒီရေတောများ ပေါက်ရောက် ရှင်သန်မှု၊ ဆောင်းခိုငှက်များ ပျော်မြူးခိုလှုံမှုများကို ကြည့်ရှုလေ့လာကာ မိကျောင်းမျိုးဆက် ထိန်းသိမ်းရေးအတွက် မိကျောင်းငယ်တစ်ကောင်ကို သိပ္ပံနည်းကျ အမှတ်အသားပြုလုပ်၍ ဘေးမဲ့တောအတွင်း လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ရေပေးရေး ဗန်းမော်၌ ဆောင်ရွက်

ဗန်းမော် ဇန်နဝါရီ ၁၁

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်က စီအင်ကျေးရွာတွင် စက်ရေတွင်းနှင့် ရေစက်ရုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၁

ဇန်နဝါရီ ၁၁ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိကြောင်းသိရှိရသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်	စံချိန်ကျိုးသည့်
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ကျိုးခဲ့သည့်နှစ်	နှစ်ပေါင်း
၁။	သံတွဲ	၇၂	၂.၈၃	၂၃	၀.၉၁	၂၉-၁-၁၉၇၁	၆၄
၂။	ပြည်	၃၀	၁.၁၈	၂၄	၀.၉၄	၂၈-၁-၂၀၀၈	၄၆
၃။	ရန်ကုန် (ကမ္ဘာအေး)	၃၁	၁.၂၂	၁၈	၀.၇၁	၃၀-၁-၁၉၅၃	၄၃
၄။	အောင်လံ	၂၂	၀.၈၆	၂၀	၀.၇၉	၁၀-၁-၂၀၁၁	၂၆

(သတင်းစဉ်)

ကျေးလက်ရေရရှိရေး တီးတိန်၌ ဆောင်ရွက်

တီးတိန် ဇန်နဝါရီ ၁၁

တီးတိန်မြို့နယ်ရှိ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်၌ တည်ရှိသည့် တိုင်မွှာလ်ကျေးရွာ၌ ဂါလန် ၃၇၀၀ ဆံ့ ရေလှောင်ကန် ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဒီဇင်ဘာ ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)